# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၉၀ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၂ ရက် )

## မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၂၃ ခုနှစ်၊ မေလအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) အား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **"မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကျင်းပရေး ဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း<br>ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၉) ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ — အဖွဲ့ဝင်

(၁၂) ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(ခ) မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မူဝါဒများချမှတ်ရန်၊

(၂) လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိစေရန်အတွက် လှုံ့ဆော်ပေးနိုင်သော ပြခန်းများ၊ ဆွေးနွေးပွဲများနှင့်စာတမ်းများ ပါဝင်နိုင်ရေး ဦးစီးဆောင်ရွက်ရန်၊

(၃) ကျောင်းတက်သူဦးရေ ပိုမိုတိုးတက်လာစေရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ မူဝါဒများ ထွက်ပေါ်ရေး လမ်းညွှန်မှုပြုရန်၊

(၄) အခြေခံပညာကဏ္ဍတွင် ကလေးအားလုံး KG+9 ပြီးမြောက်ရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် အားလုံးပူးပေါင်းဆောင်ရွက်စေရေး ညှိနှိုင်းဖော်ထုတ်စေရန်၊

(၅) KG+9 ပြီးမြောက်အောင်မြင်သူ လူငယ်လူရွယ်များကို အသက်မွေးဝမ်းကျောင်းပညာ အခြေခံရရှိရေးအတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းများ ထွက်ပေါ်ရေး ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးရန်၊

(၆) တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပညာကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနအားလုံးက ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ၊ တတ်သိပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ လုံလောက်အောင် မွေးထုတ်စေရေးအတွက် ထိရောက်သော နည်းလမ်းများပေါ်ထွက်ရေး လမ်းညွှန်မှုပြုရန်၊

(၇) အဆင့်မြင့်ပညာကဏ္ဍတွင် ဘာသာရပ်ကျွမ်းကျင်မှုအပြင် လူမှုအသိက်အဝန်းတိုးတက်မြင့်မားမှုကို အထောက်အကူပြုစေမည့် သင်ကြားသင်ယူမှုဖြစ်စေရေးအတွက် မူဝါဒများထွက်ပေါ်ရေး လမ်းညွှန်မှုပြုရန်၊

(၈) ပညာရေးနှင့်သက်ဆိုင်သော ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ ကျယ်ပြန့်စွာပါဝင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(၉) လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တင်ပြလာသည့် ကိစ္စအဝဝကို ပေါင်းစပ်ညှိနှိုင်းရန်၊

(၁၀) လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများ၏ အသုံးစရိတ်များ ခွင့်ပြုနိုင်ရန်အတွက် ညှိနှိုင်းဆုံးဖြတ်ပေးရန်၊

(၁၁) လုပ်ငန်းကော်မတီ၏ဆောင်ရွက်မှုများအပေါ် လိုအပ်သောလမ်းညွှန်မှုများပေးရန်။

(ဂ) **မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာညွန့်ဖေ<br>ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာဇော်မြင့်<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (၃) | ဒေါက်တာမိုးဇော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (၄) | ဗိုလ်မှူးချုပ်လူမွန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး<br>ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါ်နုမြဲ<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၈) ဒေါက်တာတင်ထွဋ် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၉) ဦးမြင့်စိုး အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၁၀) ဦးထွန်းအုံ အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(၁၁) ဦးရင်မောင်ညွန့် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(၁၂) ဒေါက်တာအောင်ဇေယျ အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(၁၃) ဒေါက်တာအေးထွန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(၁၄) ဗိုလ်မှူးကြီးမင်းနောင် အဖွဲ့ဝင်
အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၁၅) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး ( ၁ )
ပညာရေးဝန်ကြီးဌာန

(၁၆) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး ( ၂ )
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး ( ၁ )
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး ( ၂ )
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဃ) မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဦးစီးကော်မတီမှ ချမှတ်ထားသော မူဝါဒနှင့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးနေခြင်းအား ကုစားနိုင်မည့် နည်းလမ်းများ ထွက်ပေါ်စေရေး ဆွေးနွေးဖော်ထုတ်ရန်၊

(၃) လူငယ်လူရွယ်များ အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များကို Grade 10, Grade 11, Grade 12 တွင် ထိရောက်စွာ ထည့်သွင်းသင်ကြားစေရေး ဆွေးနွေးရန်၊

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များကို လက်တွေ့တွင် အသုံးကျမည့်ပညာရပ်များ ထည့်သွင်းသင်ကြား၍ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်စေရန်၊

(၅) မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်၍ ဥပဒေလေးစားလိုက်နာသော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်စေရေးအတွက် ထိရောက်သောနည်းလမ်းများ ဆွေးနွေးဖော်ထုတ်ရန်၊

(၆) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်တတ်မြောက်မှုအပြင် လူမှုအသိုက်အဝန်းကို အထောက်အကူပြုစေမည့် တွေးခေါ်ကြံဆ၊ ဝေဖန်ပိုင်းခြားနိုင်ပြီး အသိဉာဏ်ပြည့်ဝသူများ မွေးထုတ်နိုင်ရေး သင်ကြားသင်ယူမှုနည်းလမ်းများ ထည့်သွင်းဆွေးနွေးရန်၊

(၇) ဆပ်ကော်မတီများက တင်ပြလာသည့် အသုံးစရိတ်များအား ဦးစီးကော်မတီသို့ တင်ပြ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲနိုင်ရေး ကြီးကြပ်ရန်၊

(၈) ဆပ်ကော်မတီများ၏လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေး ကြီးကြပ်ရန်၊

(၉) မမျှော်လင့်သောအခြေအနေများနှင့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ရန်၊

(၁၀) ပညာရေးညီလာခံပြီးဆုံးသည့်အချိန်၌ မှတ်တမ်းစာအုပ် ပြုစုဖြန့်ဝေရန်။

၂။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီသည် လိုအပ်သောဆပ်ကော်မတီများအား တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး